# မင်းတရားမယ်တော်ချေင်းနှင့်ဘုရင့်နှမတော်ချေင်း
# စစ်တမ်းနှင့်အပွင့်ကျမ်း

ပါရဂူ(PhD)ဘွဲ့အတွက်တင်သွင်းသောကျမ်း


မခင်စန်းဝင့်

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်



၂၀၀၇ခုနှစ်၊ မေလ

# ကျမ်းအကျဉ်းချုပ်

၂၀၀၂–၂၀၀၃ ပညာသင်နှစ်ပါရဂူဘွဲ့အတွက် တင်သွင်းသောကျမ်းခေါင်းစဉ်မှာ နဝဒေးကြီး၏မင်းတရားမယ်တော်ချောင်းနှင့် ဘုရင့်နှမတော်ချောင်း စစ်တမ်းနှင့် အဖွင့်ကျမ်းဖြစ်ပါသည်။ မြန်မာစာပေသမိုင်းတွင် ရတုစာဆိုတို့၏ဖခင်ကြီးဟုခေါ်ဆိုရလောက်အောင် ရတုပေါင်းမြောက်မြားစွာကို ရေးဖွဲ့ခဲ့သော နဝဒေးကြီး၏ချောင်းများကို လေ့လာရာတွင် မှန်ကန်သောအဓိပ္ပာယ်ရရှိစေရန် ပေမူ၊ ပုံနှိပ်မူများဖြင့် တိုက်ဆိုင်တည်းဖြတ်ထားပါသည်။ ထို့နောက် ချောင်းပါအကြောင်းအရာများကို ရာဇဝင်ကျမ်းများနှင့် တိုက်ဆိုင်စစ်ဆေးထားပါသည်။ ချောင်းတွင်ပါဝင်သော မင်းဆက်ရာဇဝင်များ၊ တိုက်ပွဲများအကြောင်းကို ရာဇဝင်များနှင့် တိုက်ဆိုင်စစ်ဆေးရာတွင် အချို့သောအကြောင်းအရာများသည် ရာဇဝင်နှင့် ကိုက်ညီ၍ အချို့သည် ရာဇဝင်နှင့်ကွဲလွဲနေသည်ကို တွေ့ရသည်။ ရာဇဝင်ကျမ်းများသည်ကား ညောင်ရမ်းခေတ်တွင်မှ ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ချောင်းသည် လက်ထက်တော်တွင် ရေးဖွဲ့ခြင်းဖြစ်၍ ပို၍မှန်ကန်နိုင်ပါသည်။ ချောင်းများသည် ရာဇဝင်ကျမ်းတို့အတွက် အထောက်အထားဖြစ်စေပါသည်။ အချို့သောအကြောင်းအရာများကို ရာဇဝင်တွင် အကျဉ်းမျှသာဖော်ပြပြီး ချောင်းတွင် အကျယ်တဝင့်ဖော်ပြထားသည်ကို တွေ့ရသည်။ ချောင်းကို စကားပြေအဖွင့်၊ ဝေါဟာရအဖွင့်၊ လိုအပ်သည့်နေရာတွင် အကျယ်အဖွင့်များဖြင့် ဖွင့်ဆိုထားပါသည်။ အရေးအဖွဲ့ပိုင်းတွင် ဂုဏ်၊ အလင်္ကာ၊ ရသ၊ စကားအသုံးအနှုန်း၊ ချောင်းဖွဲ့စပ်ပုံစသည်တို့ကို သုံးသပ်တင်ပြထားပါသည်။ ထို့အပြင် ဘုရင့်နှမတော်ကို ယိုးဒယားမိဖုရားဟုခေါ်တွင်ပုံ၊ ယိုးဒယားမိဖုရား၏ခင်ပွန်းမှာ ယိုးဒယားဘုရင် ဖြနရဓ်ဖြစ်နိုင်ပုံတို့ကို သုံးသပ်တင်ပြထားပါသည်။ ဤကျမ်းပြုစုရခြင်းအတွက် မြန်မာလူမျိုး၊ မြန်မာစာပေ၊ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံ၊ မြန်မာမင်းများ၏ဘုန်းလက်ရုံးစွမ်းရည်များကို ဖော်ထုတ်ခွင့်ရသည့်အတွက် ဂုဏ်ယူမိပါသည်။